## (၂) **ဒေါင်းနီးမှိုရွက်ခြောက်ရောဂါ (Downy mildew)**

**ရောဂါဖြစ်စေသက်ရှိ-** *Plasmopara viticola* (Berk. & M.A. Curtis) Berl. & de Toni

ရောဂါလက္ခဏာ

အရွက်ပေါ်မျက်နှာပြင်တွင် အဝါဖျော့ရောင် (သို့) သံချေးရောင် ရောဂါကွက်များဖြစ် ပေါ် ပြီး အရွက်အောက်ဖက်တွင် မီးခိုးရောင်မှိုကွက်များတွေ့ရသည်။ ရောဂါပြင်း ထန်ပါက အရွက်တစ်ခု လုံးခြောက်သွားသည်။ အသီးခိုင်ပေါ်တွင်လည်း အဖြူရောင်မှိုမျှင်များ ကျရောက်နေပြီး နောက်ပိုင်းတွင် အသီးခိုင်ပုပ်သွားသည်။





### **ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါဒဏ်ခံနိုင်ရှိသောမျိုးကိုရွေးချယ်စိုက်ပါ။
- ရောဂါရပင်ကြွင်းပင်ကျန်များအားမီးရှို့ဖျက်ဆီးပါ။
- လေဝင်လေထွက်ကောင်းမွန်အောင်စိုက်ပျိုးပါ။
- ပိုတက်ရှ်မြေသြဇာကို ထည့်ပေးပါ။
- ရောဂါကွက်စတင်တွေ့ရှိပါက အောက်ပါမှိုသတ်ဆေးများကို ပက်ဖျန်း အသုံးပြု ပါ။

- Azoxystrobin (အဇိုဆီစထရိုဘင်)၊ Copper (ကော့ပါး) ပါသောမှို သတ်ဆေးများ၊ Cymoxanil (ဆိုင်မောက်စနေးလ်)၊ Dimethomorph (ဒိုင်မီသိုမော့ပ်)၊ Metalaxyl (မီတယ်လဆီ)၊ Propineb (ပရောပီနက်ဘ်)